မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 9/Issue 8/ August / 2016*




# *B.C.F. August Events*




August 2016

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

**08/ 07/ 2015 … Holy Communion**

**08/ 14/ 2015 … B.C.F. Official Board Meeting**

**08/ 21/ 2015 … Regular Sunday Service**

**08/ 28/ 2015 … Regular Sunday Service**

***Sunday Service … 2:00PM***

***Children Sunday School and Youth … 2:15 PM***

***at 1337 Farmstead Ave. La Puente, CA 91745***



# Southern California Burmese Christian Family Camp



*Camp Date … September/ 3 Saturday – 5Monday, 2016*
*Camp Place … Camp Wrightwood*
*Camp Address …. San Bernardino National Forest,*
*1401 Linnet Rd, Wrightwood, CA 92397*
*Contact Number … 760-249-3453*
*Camp Theme … The Great Hope (Eternal Life)*
*Bible Scripture … John 3:15-16*

***"Whosoever believeth in him should not perish, but have eternal life"***




*Arrival … September 03, Saturday 11:00*
*Departure … September 05, Monday 2:00 PM*
*Camp Registration Fees … Adult - $85 / person [2 nights & 5 meals]*
*10-18 years - $60*
*3-9 years - $40*
*Under 2 years – free of charge*

*Contact Persons … U Kyi Shinn (626) 633-0065*
*Emily Ang (626) 691- 7725*

***Notes: - Please bring your own soap, tooth brush, tooth paste, towel, bed sheet and pillow. Bed and mattress will be provided.***




# ခရစ်ယာန်တို့၏ သမ္မာကျမ်းစာ




နှစ်စဉ် ဩဂုတ်လ တတိယပါတ် တနင်္ဂနွေနေ့တွင် ပြုလုပ်သော
သမ္မာကျမ်းစာအသင်းကြီးနေ့ကို ရည်စူး၍ ပြန်လည် ဝေငှ တင်ပြပါသည်။

၁။ ခရစ်ယာန်တို့၏ ဓမ္မာကျမ်းစာသည် တစ်အုပ်တည်း မဟုတ်။ **၆၆ အုပ်** ကို စုပေါင်း ပေးထားသော စာအုပ် ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်း နှင့် ဓမ္မသစ်ကျမ်းဟူ၍လည်း နှစ်ပိုင်းခွဲထားပါသည်။ **ဓမ္မဟောင်းမှာ ၃၉ အုပ်၊ ဓမ္မသစ်မှာ ၂၇ အုပ်** ဖြစ်ပါ သည်။

၂။ သမ္မာကျမ်းစာကို ရေးသားသူများသည် ဘုရားသခင်၏ ဝိညာဉ်တော် လှုံ့ဆော်ခြင်း ခံရသည် အတိုင်း ရေးကြသည်။ (**မဿဲ** ၂၂း၂၉၊ **၂တိ** ၃း၁၆) ဤစာအုပ် တစ်အုပ် လုံးသည် **ဘုရားသခင်၏ နှုတ်ကပတ်တော်** ဖြစ်သည်။ (**ဗျာဒိတ်** ၁း၁၁)

၃။ ရေးသူသည် အနည်းဆုံး **လူ ၄၀** ရှိရာ၊ အချို့က ရှင်ဘုရင်၊ အချို့က တံငါသည်၊ အချို့က သူတော်စင် ဖြစ်ကြပါသည်။ ရေးပုံ ရေးနည်း မတူကြပါ။

၄။ ရေးသောစာများမှာ **သမိုင်း ရာဇဝင်၊ လူတွေ၏ အတ္ထုပ္ပတ္တိ၊ ကဗျာ လင်္ကာ၊ ရှေ့ဖြစ် ဟောခြင်း၊ မေတ္တာစာများ၊** စသည်ဖြင့် သမ္မာကျမ်းစာ တစ်အုပ်လုံးသည် စာကြည့် ပိဋကတ်တိုက်ကြီးပင် ဖြစ်တော့သည်။

၅။ ရေးသောအချိန်ကလည်း မတူပါ။ ပဌမဦးဆုံးစာအုပ်ကို ခရစ်တော်မပေါ်မီ **၁၅၀၀** နှစ်မှာ ရေးပြီး၊ နောက်ပိတ်ဆုံးစာအုပ်ကို **ခရစ်သက္ကရာဇ် ၉၇နှစ်** တွင်ရေးရာ ဤသမ္မာ ကျမ်းစာကို **နှစ်ပေါင်း ၁၆၀၀** အချိန်ယူ ရေးရပါသည်ဟု ပြောဆို နိုင်ပါသည်။

၆။ စာရေးသူ အချင်းချင်းလည်း သိကျွမ်းကြသူများ မဟုတ်ပါ။ တိုင်ပင်ပြီး ရေးတာ မဟုတ်ပါ။ ဓမ္မဟောင်းကျမ်းကို **ဟေဗြဲဘာသာ**ဖြင့် ရေးပြီး၊ ဓမ္မသစ်ကျမ်းကို **ဟေလသ(ဂရိ) ဘာသာ** ဖြင့် ရေးပါသည်။ ကျမ်းပိုဒ် အနည်းငယ်ကို အာရေးမစ် ဘာသာဖြင့် ရေးသည်ဟု သိရပါ သည်။ သူတို့ရေးသောစာများကို တစ်နေ့သော် စုပေါင်းပြီး **သမ္မာကျမ်းစာအုပ်** ဖြစ်သွား မည်ဟု သူတို့ မထင်ကြပါ။

၇။ အားလုံးကို ခြုံငုံ၍ ကြည့်လျှင် ဓမ္မဟောင်းကျမ်း နှင့် ဓမ္မသစ်ကျမ်း ဆက်စပ်မှု ရှိသလို၊ စာအုပ်တစ်အုပ်နှင့်တစ်အုပ် ဆက်စပ်မှုရှိတာကို တွေ့ရသည်။ ရေးသူများ၏ ရည်ရွယ်ချက် များလည်း တူညီကြသည်။ ဤသည်ကိုကြည့်ပြီး ရေးသူတို့၏နောက်ကွယ်မှာ ရေးခိုင်း သူ၊ အမှန်တကယ် ရေးပေးသူရှိရမည်ဟု ယုံကြည်ရပါသည်။ ထိုသို့ ရေးခိုင်းသူသည်ကား **ဘုရားသခင် ထာဝရဘုရား** ဖြစ်ပါသည်။

၈။ ရေးခိုင်းရာမှာ ရည်ရွယ်ချက်ရှိပါသည်။ ရည်ရွယ်ချက် ကတော့ –

(၁) ဘုရားသခင်သည် စကြာဝဠာနှင့်တကွ ရှိရှိသမျှသောအရာတို့ကို ဖန်ဆင်းပိုင်သ စီမံခန့်ခွဲ တော်မူကြောင်းကို လူတွေသိရဘို့၊ (**ကမ္ဘာ** ၁၊ **ဆာလံ** ၁၃၉၊ **ယော** ၁း၁–၅၊ **ဆာလံ** ၈၊ **သုတ္တံ** ၃း၁၉–၂၀)

(၂) လူတို့အတွက် ခရီးလမ်း၊ သမ္မာတရား၊ အသက် ပေးထားကြောင်း၊ (**ယော ၁၄း၆**)
(၃) လူတိုင်းမှာ အပြစ်ရှိကြောင်း၊ (ယေရှာယ ၅၃း၆၊ **၁ယော** ၁း၈)
(၄) ခရစ်တော်၏အသွေးတော်ဖြင့် ယုံကြည်သူသည် ကယ်တင်ခြင်း ရနိုင်ကြောင်း၊
(**ယေရှာ** ၅၃း၆–၈၊ **ယောဟန်** ၃း၁၆၊ **တမန်တော်** ၄း၁၂၊ ၁၆း၃၁)
(၅) ခရစ်တော်ကို လက်မခံပါက အပြစ် စီရင်ခြင်းခံရမည်အကြောင်း၊
(**ဗျာဒိတ်** ၂၂း၈) အကြောင်းက ထိုသူသည် အမျိုးမျိုးသောအပြစ် ဒုစရိုက်များကို ကျူးလွန်သောကြောင့်တည်း။

၉။ သမ္မာကျမ်းစာတော်ကို ပျောက်ပျက်သွားစေရန်၊ မီးရှို့သူကရှို့၊ ရေထဲ မျှောပစ်သူ ကမျှောပစ်၊ နည်းအမျိုးမျိုးနှင့် ဖြတ်စီးကြသည်။

၁၀။ ရှေးရှေးကပင် ဆိုရင် သမ္မာကျမ်းစာကို လူ့လက်ဖြင့် ပင်ပင်ပန်းပန်း ကူးရေးကြရ သည်။ **၁၄၅၀** တွင် ပုံနှိပ်စက် တီထွင်ဖြစ်ရာ၊ သမ္မာ ကျမ်းစာတော်သည် ပဌမ ဦးဆုံး ပုံနှိပ်ခြင်း ခံရသောစာအုပ် ဖြစ်ပါသည်။

၁၁။ အခဏ်းကြီးများကို **၁၂၃၆** အေဒီမှာ ပုပ်ရဟန်းမင်း **(Cardinal)** ယူလိုစင်တိုကာဗို ကခွဲသည်။ **၁၂၅၀** မှာ "လက်တင်"ဘာသာဖြင့် ပြန်ထားသော သမ္မာကျမ်းတွင် ကာဒင်နယ် ဟူဂိုက ခွဲသည် ဟူ၍လည်း ဖတ်ဖူးပါသည်။ **၁၆၆၁** မှာ ဓမ္မဟောင်း ကျမ်းမှာ၊ ဓမ္မဆရာ မော်ဒကဲနသန် က ခွဲသည်ဟူ၍၎င်း ပြင်သစ်လူမျိုး စာပုံနှိပ်သူ အာရ်စတီဖင်က ဓမ္မသစ်ကျမ်း အပိုဒ်ငယ်များ **၁၅၅၁** တွင် ခွဲသည်ဟူ၍၎င်း ဖတ်ရ ပါသည်။

၁၂။ သမ္မာကျမ်းစာတော်ကို မူရင်းဘာသာများမှ"လက်တင်" ဘာသာသို့ ပြန်ဆိုပါသည်။ ထိုမှတဆင့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်ဘာသာ သို့ စသည်ဖြင့် ပြန်ဆို ကြပါသည်။ ရောမ ကာသိုလစ် အသင်းတော်က ဘာသာပြန်တာကို မကြိုက်ပါ။ မှားမှား ယွင်းယွင်း ဘာသာ ပြန်မိမှာ စိုးလို့တဲ့။ သို့သော် အသင်းတော်လူကြီး အချို့က လူတိုင်း ကိုယ့်ဘာသာ စကား နှင့် ကိုယ့်သမ္မာကျမ်းစာကို ဖတ်ရသင့် ကြောင်း ပြောပြီး၊ သာသာပြန် ကြပါသည်။ ရောမ ကာသိုလစ် အသင်းတော် အနေ နှင့် ပြင်းပြင်းထန်ထန် ဒါဏ်ပေးပြီး အချို့မှာ အသေသတ် ခြင်းခံရပါသည်။ သို့သော် နှိမ်၍ မရပါ။ ယခုအခါ သမ္မာကျမ်းစာ အမျိုးပေါင်း **၁၆၀၀** ကျော် ဘာသာပြန်ပြီး ဖြစ်ပါသည်။

၁၃။ များစွာသော တိုင်းပြည်တို့တွင် သမ္မာကျမ်းစာတော် အသင်းကြီးများ ဖွဲ့လျက် ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေ ရောင်းချ ပေးလျက် ရှိနေပါသည်။ **မြန်မာပြည်တွင် ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်း၊ တိုက်အမှတ် ၂၆၂ တွင်၊ ကျမ်းစာအသင်းကြီးရှိပါသည်။** မြန်မာပြည်ရှိဘာသာ စကားအတော်များများဖြင့် ပုံနှိပ်ထုတ်ဝေနေရာ မိတ်ဆွေလည်း သွားရောက်လေ့ လာပြီး ကြိုက်သလောက် ဝယ်သည်သာမက သေး၊ ဝယ်ပြီး လက်ဆောင်ပေးသင့်သူများကိုပေးရန် တိုက်တွန်းပါသည်။ မွေးနေ့ လက်ဆောင်၊ လက်ထပ်လက်ဆောင်၊ နှစ်ခြင်းခံ လက်ဆောင်၊ စာမေးပွဲအောင်လက်ဆောင် စသည်ဖြင့် လက်ဆောင်ပေးရန် အကြံပြုပါသည်။သမ္မာကျမ်း ပိုဒ်များ၊ သမ္မာကျမ်းနှင့် ပတ်သက်သော အခြားစာအုပ်မျိုးစုံကိုလည်း ရရှိနိုင်ပါသည်။ ဆက်လက်သွားပြီး ဝယ်ကြပါ။ အလည်သွားပါ။ လေ့လာပါ။ အလှူငွေလည်း ထည့်နိုင် ပါသည်။ ကျမ်းစာအုပ်များကို ကူဖြန့်ဝေပေးပါ။

၁၄။ ချစ်သောမိတ်ဆွေတို့၊ သမ္မာကျမ်းစာကို ဆုတောင်းပြီး၊
(၁) တစ်နေ့တစ်ခါ ဖြစ်ဖြစ်၊ နံနက်တစ်ခါ၊ ညနေတစ်ခါ ဖြစ်ဖြစ် ဖတ်ပါ။ ဖတ်သည့် အကျင့်ရသွားစေလိုပါသည်။
(၂) အစက အဆုံး၊ တစ်နေ့ နည်းနည်း၊ စနစ် အမျိုးမျိုး ထားပြီး၊ ဖတ်ရင်လည်း ကောင်းပါသည်။
(၃) ကျမ်းစာထဲမှာ စာအုပ်တစ်အုပ်ပြီး တစ်အုပ်ဖတ်ရင်လည်းရပါသည်။
(၄) အကြောင်းခြင်းရာ တစ်မျိုးမျိုးကို အဓိကထား ဖတ်ရင်လည်း ရပါသည်။
(၅) စာမျက်နှာ လှန်ပြီး၊ ဦးတည့်ရာ ဖတ်ရင်လည်း ရပါသည်။
(၆) ဖတ်ပြီး ရရှိသော သင်ရန်စာကို မှတ်ထားပါလေ။
(၇) သင်ခန်းစာ ယူ၍ မိမိအားနည်းမှုကို မြင်ပြီး၊ ခွန်အားယူ ပြုပြင်လျက်၊ လူအသစ်၊ စိတ်အသစ်၊ အသက်တာအသစ် ဖြင့် ကျင်လည်နိုင်ပါစေ။
(၈) ကျမ်းစာဖတ်ပြီး နှလုံးသွင်းသုံးသပ်စဉ်းစားဆင်ခြင် ရပါမည်။ နှုတ်ကပတ်တော် ကို နေ့ညဥ့် မပြတ် ဆင်ခြင်အောက်မေ့သတိရ ရပါမည်။
(**ဆာလံ ၁း၂၊ ယောရှု ၁း၈**)

၁၅။ သမ္မာကျမ်းစာတော်ကို မှန်မှန် ဖတ်ပါက
(၁) မိမိ အသက်တာသည် အဆင့်နိမ့်ရာမှ အဆင့်မြင့် သွားမည်။
(၂) ဝိဉာဉ်အားမဲ့ရာမှ ဝိဉာဉ်ခွန်အားရပြီး ပြောင်းလဲသွားပေမည်။
(၃) ကိုယ်လျှောက်ရမည့် လမ်းခရီးသည် ထင်ရှားစွာ ကိုယ့်ရှေ့မှောက်မှာ ပေါ်လွင် နေပေမည်။ (**ဆာလံ ၁၂၈**)
(၄) စားဝတ်နေရေး၊ ပေါင်းသင်းဆက်ဆံရေး၊ စသည်တို့တွင် အဆင်ပြေလျက် ရှိနေမည်။
(၅) ကြီးပွားမည်။ တိုးတက်မည်။ အောင်မြင်မည်။ အသက်ရှည်မည်။

၁၆။ သမ္မာကျမ်းစာအုပ်ကို
(၁) အိမ်တိုင်းမှာ ရှိပါစေ။
(၂) တယောက် တအုပ် ရှိပါစေ။
(၃) ကျမ်းစာအုပ်နှင့် ဆုချကြပါ။
(၄) ကျမ်းစာအုပ်နှင့် လက်ဆောင်ပေးကြပါ။
(၅) ကျမ်းစာအုပ်တစ်အုပ် ဖြစ်ဖြစ်၊ ကျမ်းပိုဒ်များဖြစ်ဖြစ်ဝယ်ပြီး ဝေငှဖြန့်ဖြူးပါ။

၁၇။ သမ္မာကျမ်းအသင်းကြီးကိုလည်း တတ်နိုင်သလို အားပေးပံ့ပိုးကြပါရန် မေတ္တာရပ်ခံ ပါသည်။ ဓမ္မဒါန ပြုရန် အလှူငွေထည့်လို့ ကျေးဇူးတင်ပါသည်။ သင့်ကို၎င်း၊ သက်ရှိ သတ္တဝါ အားလုံးကို၎င်း၊ ဘုရားသခင် မစပါစေသော။

~~~~~~~~~~~~~~~~~~~~~~~ **ချစ်သော အောင်ဒင်** ~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~

# ဆုတောင်းခြင်း



## ဆုတောင်းခြင်းကားအဘယ်နည်း။

ဆုတောင်းခြင်းသည် .. ဘုရားနှင့် စကားပြောခြင်း ဖြစ်သည်။

ဆုတောင်းခြင်းသည် .. ဘာသာရေး ထုံးတမ်းစဉ်လာသဘောနှင့် လူအများ၏အရှေ့တွင် ပြုမူလုပ်ဆောင်ခြင်း သက်သက်မျှသာမဟုတ်ပါ။ ကျွန်ုပ်တို့နှင့်ဘုရားသခင်အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာမိဿဟာယဖွဲ့ခြင်း အကြောင်းအရာ ဖြစ်ပါသည်။

သခင်ယေရှုက == "သင်သည်ဆုတောင်းသောအခါ ဆိတ်ညံ့ရာအခန်းသို့ဝင်၍၊ တံခါးကိုပိတ်ပြီးမှ၊ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ့ံ။ "==

သခင်ယေရှုက ကျွန်ုပ်တို့အား =="သင်တို့သည် ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့် အထပ်ထပ်မမြွက်နှင့်။" == ဟုဆိုထားပါ၏။

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ရိုးသားခြင်းနှင့် နှလုံးသားထဲမှ လာခြင်းဖြစ်ရမည်။

## မည်သူ့ထံ၌ ကျွန်ုပ်တို့ဆုတောင်းကြမည်နည်း။

ကျွန်ုပ်တို့သည် အဘဘုရားသခင်ထံ ဆုတောင်းခြင်းဖြစ်သည်။

သခင်ယေရှုက == "ထိုကြောင့်၊ သင်တို့ဆုတောင်းရမည်မှာ – ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ။ သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။ ဤပြစ် သွေးဆောင်ရာသို့ မလိုက် မပါ စေဘဲ၊ မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။ ... အာမင်။ ဟုဆုတောင်းကြလော့။

**ဘုရားသခင်ထံ ကျွန်ုပ်တို့ဆုတောင်းနိုင်သော အကြီးမြတ်ဆုံးသောဆုတောင်းခြင်းကား၊** ==ကိုယ်တော်၏အလိုတော် အတိုင်းဖြစ်စေပါ။== ဖြစ်သည်။ ဤကား ဘုရားသခင်၏ ချစ်ခြင်းနှင့် ဉာဏ်စွမ်းအား အပေါ် လုံးဝယုံကြည်ကိုးစားမှုကို ပေါ်ပြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ လိုချင်သောအရာများကို တောင်းလျှောက် နိုင်ပါသည်။ သို့သော်၊ တောင်းသောအခါတိုင်း == ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်စေတော်မူပါ။== ဟုဆုတောင်းသင့်သည်။ == ငါတို့သည် အလိုတော်နှင့် အညီ တစုံတခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားညောင်းတော်မူ၏။ ၁ယော၊၅း၁၄

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများ အဖြေ မရရှိခဲ့သော်၊ ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို ပြန်၍မေးသင့်သည်မှာ == ဘုရားသခင်ထံမှ ဆုတောင်းခြင်းများကို အဖြေရရှိရန် ကျွန်ုပ်တို့ အသက်တာထဲ၌ ဆီးတားနေသောအရာများ၊ ဒုစရိုက်များ၊ ရှိနေပါသလား။== ဟူ၍ဖြစ်ပါသည်။

**ဆုတောင်းခြင်းကို အဆီးအတား ဖြစ်စေသောအရာများမှာ၊–**

- ❖ ဒုစရိုက်အပြစ်၊
- ❖ အတ္တဆန်ခြင်း၊
- ❖ ခွင့်မလွှတ်ခြင်း၊
- ❖ မယုံကြည်ခြင်း၊ ... စသည်တို့ ဖြစ်သည်။

ဤအရာများက စာတန်ကို ကျွန်ုပ်တို့၏အသက်တာ၌ ခြေကုပ်ချရန် အခွင့်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်က ဆုတောင်းခြင်းကို နားညောင်းလိမ့်မည် မဟုတ်ပါ။ == ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ၏။ = (ဆာ၊၆၆း၁၈)

ကျွန်ုပ်တို့အသက်တာသည် ဘုရားသခင်ကိုနှစ်သက်စေသော အသက်တာ ဖြစ်ရမည်။ လောကီဆန်သော၊ နာခံခြင်းမရှိသော ခရစ်ယာန်များ၏ ဆုတောင်းခြင်းကို ဘုရားသခင်သည် အဖြေ မပေးပါ။ သူ၏စိတ်ကို ကျေနပ်စေသော အသက်တာရှိသောသူများ၏ ဆုတောင်းခြင်းကို အဖြေပေးရန် နှစ်သက်တော်မူသည်။ ==ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့် ... ဆုတောင်းသမျှ တို့ကို ဘုရားသခင် ထံတော်မှ ရကြ၏။==

- ❍ ကျွန်ုပ်တို့၏အိမ်ထောင်၊ မိသားစုများအတွက် ဆုတောင်းပါ။
- ❍ ကျွန်ုပ်တို့၏အသင်းတော်နှင့် သာသနာလုပ်ငန်းများအတွက် ဆုတောင်းပါ။
- ❍ ကျွန်ုပ်တို့နှင့်စပ်ဆိုင်သော ကယ်တင်ခြင်းဆုကျေးဇူးမရသေးသော မိတ်ဆွေများနှင့် ဆွေမျိုးများအတွက် ဆုတောင်းပေးပါ။
- ❍ ကယ်တင်ခြင်းသတင်းကောင်းနှင့်ဧဝံဂေလိဟောပြောသူများအတွက် ဆုတောင်းပါ။

အဘဘုရားသခင်ထံ ဆုတောင်းရာ၌၊–

- ❑ ယေရှုခရစ်တော်၏ မြတ်နာမတော်ကိုအမှီပြုလျက် ဆုတောင်းပါ။
- ❑ ဘုရားသခင်၏ဂတိတော်ကိုအမှတ်ရပါ။
- ❑ လုံ့လဝီရိယရှိစွာဖြင့် ဆုတောင်းပါ။
- ❑ ယုံကြည်ခြင်းနှင့် ဆုတောင်းပါ။

ကျွန်ုပ်တို့သည်ဆုတောင်းခြင်းဖြင့်ဘုရားသခင်၏ကောင်းမြတ်စုံလင်ခြင်းနှင့်မေတ္တာတော်ကိုတိုး၍သိရှိရပြီး၊ ကျွန်ုပ်တို့တောင်းသည်ထက် ပို၍ အကောင်းဆုံးကို လုပ်ဆောင်ပေးနိုင်သည့် အကြောင်းကို ယုံကြည်ရန် ကိုယ်တော်ရှင် အလိုတော်ရှိသည်။

ဆုတောင်းခြင်း၏ပြည့်စုံမှုသည်လည်း ဘုရားသခင်သည် မိမိသားတော် သခင်ယေရှုခရစ်တော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်း ရှိမည်အကြောင်း ဖြစ်ပါသည်။

**ဂတိတော်ရှိသည်ကား၊ "သင်တောင်းလျှင် တောင်းသည့်အတိုင်း ... ငါပြုမည်။"**

အဘဘုရားသခင်ထံ သခင်ယေရှု၏နာမအားဖြင့် တောင်းသောဆုများ ပြည့်ဝကြပါစေ။ အာမင်။

# မည်သည့်အရာသည်အမှန်တကယ်အရေးကြီးဆုံးဖြစ်သနည်း။

**What's Realty Important?**

လွန်ခဲ့သော နှစ်အနည်းငယ်က ဆီရယ်တယ် အထူးအားကစား ပွဲတော်ကြီးမှာ ကိုက် ၁၀၀ တာတိုပြေးပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်သူ ကိုးယောက်သည် တာစထွက်ရန် အသီးသီး နေရာယူ ထားကြသည်။

တာထွက်ရန် အဆင်သင့်ဖြစ်နေသော ထိုသူကိုးယောက်မှာ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာမှာ တစ်ခုခုချို့တဲ့နေသူများ ဖြစ်ကြပါသည်။ စတင်၍ တာထွက်ရန် အချက်ပေးသည့် သေနတ်ပစ်ဖေါက်သံကို ကြားသည်နှင့် အားလုံးစတင်ပြေးကြပါတော့သည်။ သို့သော်၊ သူတို့အား လုံးမှာ မြန်မြန်မပြေးနိုင်ကြရှာပေ။ သို့ပေမဲ့လည်း ပြိုင်ပွဲဝင်သူအားလုံးသည် ပန်းဝင်ပြီး အနိုင်ရရန် အစွမ်းကုန်ကြိုးစားကာ ပြေးနေကြသည်။

ထိုသို့၊ ပြေးနေစဉ်မှာ ကောင်ကလေးတစ်ယောက်သည် ပြေးလမ်းပေါ်မှာ အကြိမ်ကြိမ် ခြေခလုတ်တိုက်လဲရာ အော်ငိုပါတော့သည်။ ပြိုင်ပွဲဝင်သူကျန်ရှစ်ယောက်သည်လည်း ကောင်လေး ၏စတင်အော်ငိုသံကို ကြားလိုက်သည်နှင့် ပြေးနေသည့်အရှိန်ကို လျော့ကာ ရပ်လိုက်ပြီး၊ ကောင် လေးထံသို့ အားလုံးပြန်လှည့်လာပါတော့သည်။ သူတို့ထဲမှ ရောဂါဝေဒနာ ဖိစီးခံစားနေရသည့် ကောင်မလေး တစ်ဦးသည် ဒူးထောက်ကာ ကောင်လေးကို နမ်းယင်း ... ဒီအနမ်းလေးဟာ မင်းခံ စားနေရတာအတွက် ပိုပြီးသက်သာလာပါလိမ့်မယ် ... လို့အားပေးလိုက်ပါသည်။ ထိုနောက်တွင် သူတို့ကိုးယောက်လုံး လက်ချင်းချိတ်တွဲကာ ပန်းတိုင်ဆီသို့ အတူတကွ လမ်းလျှောက် သွားကြ ပါတော့သည်။

ထိုအချိန်မှာ ပရိသတ်အားလုံး မတ်တပ်ရပ်ကာ လက်ခုတ်တီး အားပေးသည့် အသံမှာ အားကစားကွင်း တစ်ခုလုံးကို ဆယ်မိနစ်ခန့်မျှ ဆူညံသွားလေသည်။



အထက်ပါ အဖြစ်အပျက်လေးကို ဖတ်ရှုရာမှ အမှန်တကယ် အရေးကြီးဆုံးမှာ ... ၊ **"ချစ်ခြင်းမေတ္တာ"** ပင်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာရှိမှသာ အတူတကွလက်တွဲပြီး အောင်မြင်ခြင်း ပန်းတိုးတိုင်သို့ အရောက်လှမ်းနိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့ အချင်းချင်းကို အားပေးရန်၊ နှစ်သိမ့်ရန်၊ ဂရုပြုရန် စသည်တို့ကို လက်တွေ့လုပ်ဆောင်နိုင်ရန် **"ချစ်ခြင်းမေတ္တာ"** ရှိရမည်။

**ဆင်ခြင်ရန်ကျမ်းချက်များ၊–**

၁ယော ၄း၈၊ == **ဘုရားသခင်သည် "ချစ်ခြင်းမေတ္တာ"**ဖြစ်တော်မူ၏။

ရောမ၊ ၁၃း၈၊ သူတပါးကိုချစ်သောသူသည် အကျင့်တရားနှင့်ပြည့်စုံပြီ။

၁ကော ၁၃း၂၊ == မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။

ဂလာတိ၊ ၅း၁၄၊ == ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့် အမျှချစ်လော့ဟူသော ပညတ်တပါးကို ကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာရောက်၏။

၁ကော၁၃း၁၃၊ == ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတို့တွင် **"ချစ်ခြင်းမေတ္တာ"** သည်**"အမြတ်ဆုံး"** ဖြစ်သတည်း။ ❑❑

# ကတိထားတော်မူသော ဝိညာဉ်တော်

---

## ကိုယ်တော်ဝိညာဉ် နှစ်ဆသော အဘို့ကို အကျွန်ုပ် အပေါ်မှာ ရှိပါစေသော။

၄ရာ၊၂း၉

လေိရှဲ၏ ရဲရင့်စိတ်ချမှုနှင့် ဖွဲနပဲကြီးမှုက တောင်ပုံရာပုံ ကြီးမားလှသည်။ လိမ်လည်လှည့် ဖျားကောက်ကျစ်မှုများ ပြည့်လျက်၊ မုသာကြွယ်ဝနေသော ခေတ်ကာလကြီးအတွင်း လေိရှဲသည် လေိယနှင့်အတူ ရှိနေခဲ့ခြင်းကြောင့် ပရောဖက်လေိယ အားဖြင့် ဘုရားသခင်၏ နိမိတ်လက္ခဏာ ပြုခြင်း၊ အမှန်တရားကို ပြောဆိုခြင်း စသည်တို့ကို ကိုယ်တွေ့ မြင်ခဲ့ရသည်။

၂ရာ၊၂း၁ တွင်၊ ပရောဖက်လေိယ ကောင်းကင်သို့ ခေါ်ဆောင်ခြင်းခံရကာနီး အချိန်ဖြစ် ပြီး၊ လေိရှဲက သူ့ကို မသွားစေချင်ကြောင်း ပြောပြထားသည်။ မတွေးဝံ့စရာ ခွဲခွာရမည့် အချိန် ရောက်ရှိလာသောအခါ၊ အမှုတော်ကို အောင်မြင်စွာနှင့် ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် ပရောဖက်လေိယတွင် ရှိသောအရာကို သူလိုအပ်ကြောင်း လေိရှဲ သိနေပါသည်။ ထို့ကြောင့် သူသည် ရဲတင်းလှစွာ ပရောဖက်လေိယထံမှာ တောင်းဆိုမှုတစ်ခု ပြုခဲ့သည်။

**" ကိုယ်တော်ဝိညာဉ် နှစ်ဆသော အဘို့ကို အကျွန်ုပ်အပေါ်မှာ ရှိပါစေသော"** ဟူ၍ တောင်းဆိုခဲ့သည်။ သူ၏ ရဲတင်းသော တောင်းဆိုမှုက ဥပဒေသအရ သားဦးနှင့် အမွေခံတို့သည် နှစ်ဆသော အမွေဥစ္စာကို ရရှိခြင်း အကြောင်းကို ထောက်ပြသည်။ (တရား၊၂၁း၁၇) လေိရှဲသည် လေိယ၏ အမွေခံအဖြစ် အသိအမှတ်ပြု ခံချင်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်သည်လည်း သဘောတူခဲ့သည်။ လေိရှဲသည် ကြီးမားသော အခွင့်ထူးနှင့်ကောင်းချီးဖြစ်သော လေိယ၏ဝိညာဉ် နှစ်ဆကို ရရှိခဲ့သည်။ သခင်ယေရှု၏အသက်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ဆက် ခံအသက်ရှင်သည့် ကျွန်ုပ်တို့အတွက်လည်း သခင်ယေရှု ကတိထားမူသော သန့်ရှင်းသောဝိညာဉ် တော်ရှိပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်ယုံကြည်သော ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိလျက် ကျွန်ုပ်တို့အထဲတွင် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်တော်မူ၏။

အိုအဘ၊ ကိုယ်တော်နှင့် သာ၍ တူချင်ပါ၏။ ကျွန်ုပ်တို့အတွင်း ကျိန်းဝပ်သော သန့်ရှင်း သောဝိညာဉ်တော်၏ သက်သေခံဖြစ်ရန် အလို့ငှာ ကူမတော်မူပါ။ သခင်ယေရှုသည် ကောင်းကင် ဘုံသို့ ခမည်းတော်ထံ တက်ကြွသွားသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ အထူးကျေးဇူးတင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ဘုရားသခင်၏ နိမိတ်လက္ခဏာ နှင့် ဘုန်းတန်ခိုးတော်ကို ထင်ရှားစေတော်မူပါ။ အာမင်။

# Two Brothers And The Carpenter

Once upon a time, two brothers who lived on adjoining farms fell into conflict. It was the first serious rift in 40 years of farming side-by-side, sharing machinery and trading labor and goods as needed without a hitch. Then the long collaboration fell apart. It began with a small misunderstanding and it grew into a major difference and finally, it exploded into an exchange of bitter words followed by weeks of silence.

One morning there was a knock on John's door. He opened it to find a man with a carpenter's toolbox. "I 'm looking for a few days' work," he said. "Perhaps you would have a few small jobs here and there I could help with? Could I help you?"

"Yes," said the older brother. "I do have a job for you. Look across the creek at that farm. That's my neighbor. In fact, it's my younger brother!

Last week there was a meadow between us. He recently took his bulldozer to the river levee and now there is a creek between us. Well, he may have done this to spite me, but I'll do him one better. See that pile of lumber by the barn? I want you to build me a fence an 8-foot fence -- so I won't need to see his place or his face anymore." The carpenter said, "I think I understand the situation. Show me the nails and the post-hole digger and I'll be able to do a job that pleases you."

The older brother had to go to town, so he helped the carpenter get the materials ready and then he was off for the day. The carpenter worked hard all that day -- measuring, sawing and nailing. About sunset when the farmer returned, the carpenter had just finished his job.

The farmer's eyes opened wide, his jaw dropped. There was no fence there at all. It was a bridge! ... b-r-i-d-g-e ... bridge.

A bridge that stretched from one side of the creek to the other! A fine piece of work, handrails and all! And the neighbor, his younger brother, was coming toward them, his hand outstretched..

"You are quite a fellow to build this bridge after all I've said and done." The two brothers stood at each end of the bridge, and then they met in middle, taking each other's hand. They turned to see the carpenter hoist his toolbox onto his shoulder.

"No, wait! Stay a few days. I've a lot of other projects for you," said the older brother.

"I'd love to stay on," the carpenter said, "but I have many more bridges to build."



[A bridge ... b-r-i-d-g-e ... bridge]

## Friendship

Friendship is like a **'Bridge'**

That connects two hearts ...

A feeling that keeps growing

even when we are far apart ...

No matter where we are ...

I want you to know,

**You're a friend I feel ...**

Always close to!

♠ Smile

## Family as a Friend

Do you know which is

the best part of life ???

It's simple.

When your **Family** understands you

as a **Friend** and

your **Friends** support you

as your **Family**.

♠ Smile